FORTIFY RIGHTS

သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု ဖြစ်စေခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်ကြောင်း လေ့လာမှုအသစ်တစ်ခုမှတွေ့ရှိ

## ရှာဖွေတွေ့ရှိချက်များထဲတွင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ "နားလည်မှုအနည်းဆုံး" ဟုယူဆရသော "ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု" ကဏ္ဍကို ဖော်ထုတ်တင်ဆက်ထားပါသည်။

(ဒါကာမြို့၊ ဧပြီလ ၂၄ ရက်၊ ၂၀၂၄ ခုနှစ်) — Fortify Rights နှင့် Yale Law School (ယေးလ်ဥပဒေကျောင်း) ရှိ Allard K.Lowenstein International Human Rights Clinic မှ ယနေ့ထုတ်ပြန်သော လေ့လာမှုအသစ် တစ်ခုအရ မြန်မာနိုင်ငံမှ ရိုဟင်ဂျာ အသိုင်းအဝိုင်းကြားရှိ ပြင်းထန်သော စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) နှင့် စိတ်ဓာတ်ကျခြင်းသည် လက်တွေ့ သက်ရောက်မှုရှိသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများကို ဖြစ်စေပြီး ဂျီနိုဆိုက် ကွန်ဗန်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှု မဖြစ်ပွားအောင် ကာကွယ်တားဆီးရေး နှင့် ပြစ်ဒဏ်ချမှတ်ရေး သဘောတူစာချုပ်) မှ သတ်မှတ်ထားချက်များအရ ၎င်းသည် လူမျိုးတုံးသတ်ဖြတ်မှုလည်း မြောက်စေသည်။ မြန်မာစစ်တပ်မှ ဦးဆောင်သော တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပြင်းထန်သော စိတ်ကျန်းမာရေး အခြေအနေများသည် ရိုဟင်ဂျာလူမျိုးများကို ဆက်လက် ဖျက်ဆီးလျက်ရှိပြီး ၎င်းသည် ဂျီနိုဆိုက် ကွန်ဗင်းရှင်းကိုလည်း ချိုးဖောက်ကြောင်းကို ဤလေ့လာမှုတွင် ဖော်ထုတ်တင်ပြထားသည်။ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုနှင့် မြန်မာနိုင်ငံတဝှမ်းတွင် ဖြစ်ပွားနေသော အခြား အစုလိုက်အပြုံလိုက် ရက်စက် ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် မြန်မာစစ်တပ်နှင့် အခြား ရာဇဝတ်မှု ကျူးလွန်သူများကို ရာဇဝတ်မှု ဥပဒေအောက်တွင် တာဝန်ယူမှု တာဝန်ခံမှုရှိစေနိုင်မည့် နည်းလမ်းများကို ဤလေ့လာမှုတွင် အကြံပြုထားသည်။

Fortify Rights နှင့် Lowenstein Clinic တို့သည် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)ကို ဖွဲ့စည်းဖြစ်စေခဲ့သော Rome Statute (ရောမသဘောတူစာချုပ်) ပါ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံ အခြေအနေကို ICC အစိုးရရှေ့နေထံ ချက်ခြင်း လွှဲပြောင်းပေးရန် အကြံပြုထားပြီး၊ ၂၀၀၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများကို အပြည့်အဝ စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုထားသည်။

"စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုဟာ ဥပဒေအရ လူမျိုးတုံးသတ်ဖြတ်မှု မြောက်စေတယ် ဆိုတဲ့ အချက်ဟာ မကြာခဏ လျစ်လျူရှုခံနေရပါတယ်။ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုဟာ ဆက်လက်ဖြစ်ပွားနေပြီးတော့

FORTIFY RIGHTS

ဒီဖြစ်ရပ်မှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဘယ်လို ဆက်ဖြစ်နေသလဲဆိုတာကို ဒီလေ့လာမှုမှာ ရှင်းပြထားပါတယ်။ ဒီလေ့လာမှုဟာ The Hague နဲ့ အခြားနေရာတွေမှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကြားဝင်စွက်ဖက်မှုတွေနဲ့ အနာဂတ်မှာရှိလာမယ့် တရားစွဲဆိုမှုတွေအတွက် လိုအပ်တဲ့ အချက်အလက်တွေကို အသိပေး နိုင်ရန် ရည်ရွယ်ပါတယ်” ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer) Matthew Smith က ပြောကြားပါသည်။ “မြန်မာပြည်သူလူထုက တရားမျှတမှုကို ဘယ်လောက်ကြာကြာ စောင့်နေရမှာလဲ။ အခြေအနေက အသေအပျောက်လည်းများတယ်၊ အရေးတကြီးလည်း ဖြစ်တယ်။ နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) မှာပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ နှောင့်နှေးမနေဘဲ ဒီကိစ္စအပေါ်မှာ အမြန်ဆုံး ဆောင်ရွက်သင့်ပါ တယ်” ဟုလည်း ဆိုပါသည်။

လူမျိုးတုံးသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ လူသိများသော ယူဆချက်သည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းပင် ဖြစ်သည်။ သို့သော် ၁၉၄၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဂျီနိုဆိုက် ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များအရ “ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု” အပါအဝင် တားမြစ်ထားသော အခြားလုပ်ရပ် လေးခုလည်း ပါရှိပါသည်။ လွန်ခဲ့သော နှစ်များအတွင်း နိုင်ငံတကာခုံရုံးများသည် ကိုယ်ခန္ဓာကို ပြင်းထန်စွာ ထိခိုက်စေသော လုပ်ရပ်များအပေါ် ပိုမိုအာရုံစိုက် ဖြေရှင်းခဲ့ကြပြီး စိတ်ပိုင်းဆိုင်ရာအား ထိခိုက်နစ်နာစေသော လုပ်ရပ်များကို လူမျိုးတုံးသတ်ဖြတ်မှုဖြစ်သော လုပ်ရပ်ဖြစ်ကြောင်း သတ်မှတ်ရာတွင် ခက်ခဲမှုများရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းသည်လည်း ပြင်းထန်သော ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများကို ဖြစ်စေသော လုပ်ရပ်များကို အသေးစိတ် စစ်ဆေးကြည့်ရှုထားခြင်း မရှိသောကြောင့် ဖြစ်သည်။

စာမျက်နှာ ၈၈ မျက်နှာပါ ဤ **“ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခု ဖြစ်စေနိုင်တယ်” - စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေခြင်းဖြင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်း** လေ့လာမှုသည် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုအပေါ် အာရုံစိုက်ထားပြီး၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု သည် လူအစုအဖွဲ့တစ်စုလုံး (သို့) တစ်စိတ်တစ်ပိုင်းအတွက် စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်ပျက်စီးစေနိုင်ပုံကို ဖော်ပြထားပါသည်။

ဤလေ့လာမှုသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုအား လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် လေ့လာရာတွင် အစိုးရရှေ့နေများ၊ ပညာရှင်များ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များ နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားများအတွက် ပိုမို ကောင်းမွန်သော နားလည်မှုရှိစေရန်နှင့် ရိုဟင်ဂျာလူမျိုးများ အပေါ်တွင် ဆက်လက် ဖြစ်ပွားနေသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများ၏ ဆိုးကျိုး သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာထားသော လေ့လာမှု တစ်ခုပင် ဖြစ်သည်။

“Lowenstein Clinic အဖွဲ့ဟာ ရခိုင်ပြည်နယ်မှာရှိတဲ့ ရိုဟင်ဂျာတွေအပေါ် စစ်တပ်နှင့် အခြားသူတွေက ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုဆိုင်ရာ အချက်အလက် မြောက်များစွာကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ပြီး၊

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေကြတဲ့ ရိုဟင်ဂျာများအနေနဲ့ သူတို့ ဆိုးဆိုးရွားရွား ခံစားခဲ့ရတဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်မှုတွေအကြောင်းကို လေ့လာခဲ့ပါတယ်” ဟု Yale Law School (ယေးလ်ဥပဒေကျောင်း) Clinical Professor ဖြစ်သူ Jim Silk မှ ပြောကြားပါသည်။ သူသည် ဤ လေ့လာမှုကို အဓိကရေးသားသူ ဖြစ်သော Lowenstein Clinic အဖွဲ့ဝင်ဟောင်း သုံးဦး၏ အဖွဲ့ကို ကြီးကြပ်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။ “ကျွန်တော်တို့ဟာ ဒီလိုမျိုး တိကျသေချာစွာ မှတ်တမ်းတင်ထားတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ဆက်ပြီးတော့ ဖြစ်ပွားနေတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုတွေနှင့် စပ်လျဉ်းပြီး (စစ်ဆေးတဲ့အခါမှာ) လူမျိုးတုံးသတ်ဖြတ်မှုဥပဒေ ကို ဂရုတစိုက် လိုက်နာပြီး ကျင့်သုံးခဲ့ပါတယ်” ဟုလည်း ဆိုပါသည်။

စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဝေဒနာသည် သတ်ဖြတ်ခံရခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ ရရှိခြင်းတို့နှင့် မတူညီသည့် အချက်မှာ မကြာခဏဆိုသလို ၎င်းကို အလွယ်တကူ သိသာထင်ရှားစွာ သိရှိနိုင်ရန် ခက်ခဲပါသည်။ ထို့အပြင် ထိုကဲ့သို့သော ဝေဒနာသည် ရေရှည်သက်ရောက်မှု ရှိနိုင်ပြီး နောင်လာမည့် မျိုးဆက်အဆင့်ဆင့် အထိပင် လက်ဆင့်ကမ်းနိုင်ကြောင်း လေ့လာမှုအရ တွေ့ရှိခဲ့ပါသည်။ လူမျိုးတုံးသတ်ဖြတ်မှုဥပဒေအရ စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ ထိခိုက်နစ်နာစေသည့် လုပ်ရပ်တစ်ခုသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက် အငယ်စား (သို့) ယာယီချို့ယွင်းချက် ဖြစ်စေမှုထက် ပိုမိုလိုအပ်ကြောင်း တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များက ပြဋ္ဌာန်းထားသည်။ ထိုသို့သော ထိခိုက်နစ်နာစေမှုသည် "တစ်သက်တာ (သို့) ကုစား၍မရသော" ချို့ယွင်းချက် ဖြစ်ရန် မလိုအပ်သော်လည်း ၎င်းသည် "လူတစ်ဦး၏ ပုံမှန်နှင့် အပြုသဘောဆောင်သော ဘဝတစ်ခု ကို ဦးဆောင်နိုင်မှုအပေါ် ဆိုးရွားသော ရေရှည် ဆိုးကျိုးသက်ရောက်မှုများရှိစေရမည်" ဟု ပြဋ္ဌာန်းထားသည်။

“**ကျွန်ုပ်မျက်ရည် ပင်လယ်ကြီး တစ်ခုဖြစ်စေနိုင်တယ်**” လေ့လာမှုသည် ၂၀၁၈ ခုနှစ် နှင့် ၂၀၂၀ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်စခန်းများတွင် Fortify Rights နှင့် ရိုဟင်ဂျာ သုတေသီများမှ ကောက်ယူထားသော အရေအတွက်အခြေပြု၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ပတ်သက်သည့် ဒေတာ အချက်အလက်များကို အခြေခံထားသည်။ ဤလေ့လာမှုသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ အမျိုးသမီး၊ အမျိုးသား နှင့် ကလေးငယ်များ အပေါ်တွင် စစ်တပ်မှ ကျူးလွန်ခဲ့သော တိုက်ခိုက်မှုများ အပြီးနောက် မျက်မြင်သက်သေများနှင့် အသက်ရှင် ကျန်ရစ်သူများမှ ထွက်ဆိုထားသည့် စာမျက်နှာ ရာပေါင်းချီသော ထွက်ဆိုချက်များကိုလည်း အခြေခံထားသည်။ Yale Law School (ယေးလ်ဥပဒေကျောင်း) ရှိ Lowenstein Clinic သည် လူမျိုးတုံးသတ်ဖြတ်မှုဥပဒေ၏ ရှုထောင့်မှတဆင့် လူမှုရေးသိပ္ပံ၊ အထူးသဖြင့် စိတ်ပညာ လေ့လာမှု ဆိုင်ရာ နည်းစနစ်များကို အသုံးပြု၍ ဤ အချက်အလက်များ ကို ခွဲခြမ်းစိတ်ဖြာခဲ့သည်။

FORTIFY RIGHTS

စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD), စိတ်ဓာတ်ကျခြင်း နှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာ ကဲ့သို့သော အခြေအနေများအကြောင်း လူသိနည်းသည့်အချိန်တွင် ဂျီနိုဆိုက် ကွန်ဗင်းရှင်း ကို ရေးဆွဲခဲ့သော်လည်း ယခုခေတ်တွင် ဆေးသိပ္ပံပညာသည် ကျယ်ပြန့်လာခဲ့ပြီ ဖြစ်ပါသည်။ “**ကျွန်ုပ်မျက်ရည် ပင်လယ်ကြီး တစ်ခုဖြစ်စေနိုင်တယ်**” လေ့လာမှုသည် ယင်းအခြေအနေများကို ဖြစ်စေသော လုပ်ရပ်များကို သတ်မှတ်ထားသော အုပ်စုတစ်စုကို ကြံရွယ်ချက်ဖြင့် ကျူးလွန်သည့်အခါ လူမျိုးတုံးသတ်ဖြတ်မှု၏ ပြဋ္ဌာန်းချက်ဖြစ်သည့် “ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု ဖြစ်စေခြင်း” ကို ဖြစ်စေသဖြင့် လူမျိုးတုံးသတ်ဖြတ်မှု မြောက်နိုင်ကြောင်းကို ဤလေ့လာမှုက တွေ့ရှိခဲ့ပါသည်။

မကြာသေးမီက လေ့လာထားသော Adverse Childhood Experiences (ACEs) နှင့် မျိုးဆက်များကြား စိတ်ဒဏ်ရာ လက်ဆင့်ကမ်းခြင်း ဆိုင်ရာ သုတေသနပြုချက်များအရ စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာရရှိခြင်း အခြေအနေများမှ ရရှိလာသော ပုံမှန်ဘဝထဲရှိ အနှောင့်အယှက်များသည် တစ်သက်တာလုံး ဆက်ရှိနေနိုင်ပြီး လူငယ်မျိုးဆက်များထံပင် ဆက်လက် လက်ဆင့်ကမ်းနိုင်သည် ဟု အကြံပြုထားသည်။ သတ်မှတ်ထားသော အုပ်စုတစ်စုကို စိတ်ပိုင်းဆိုင်ရာအရ ရေရှည် ထိခိုက်မှု ရှိစေခြင်းသည် ထိုအုပ်စုကို ဖျက်ဆီးရန် အထောက်အကူ ဖြစ်စေနိုင်ပြီး၊ ဤကဲ့သို့သော ထိခိုက်နစ်နာစေသည့် လုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်မှုမြောက်ကြောင်း ထောက်ခံထားသော ထပ်လောင်း အထောက်အထားများပင် ဖြစ်ပါသည်။

အရေးအတွက်အခြေပြုထားသည့် ဤလေ့လာမှုအသစ်တွင် ရိုဟင်ဂျာများအပေါ် မြန်မာအာဏာပိုင်များက ကျူးလွန်ခဲ့သော စိတ်ဒဏ်ရာများ၏ ရလဒ်အနေဖြင့် ရိုဟင်ဂျာလူထုကြားတွင် စိတ်ဒဏ်ရာလွန် စိတ်ဖိတ်စီးမှု ရောဂါ (PTSD)၊ စိတ်ကျရောဂါနှင့် စိုးရိမ်မှုလွန်ကဲမှုများကို အဆမတန် မြင့်မားစေသည်ဟု တွေ့ရှိခဲ့သည်။ အဆိုပါ အခြေအနေများကြောင့် ရိုဟင်ဂျာ တစ်ဦးချင်းစီ၏ ပုံမှန်နှင့် အပြုသဘောဆောင်သော ဘဝအား ဦးဆောင်နိုင်စွမ်း ကို ထိခိုက်စေခဲ့ပြီး ရေရှည် ကျန်းမာရေး ပြဿနာများနှင့် နေ့စဉ် လုပ်ငန်းဆောင်တာများတွင် ဆိုးရွားသော အခက်အခဲများကို ဖြစ်ပေါ်စေခဲ့ကြောင်း ဤလေ့လာမှုတွင် တွေ့ရှိခဲ့သည်။

“မြန်မာနိုင်ငံက အစွန်းရောက်အကြမ်းဖက်မှုတွေနဲ့ ဘင်္ဂလားဒေ့ရှ်စခန်း အခြေအနေတွေကြားမှာ ခက်ခဲမှုတွေ ရှိနေပေမယ့်လည်း လွန်ခဲ့တဲ့နှစ်များအတွင်းမှာတော့ ရိုဟင်ဂျာလူမျိုးတွေရဲ့ ကြံ့ကြံ့ခံနိုင်မှုနဲ့ တိုးတက်မှု နမူနာတွေက အများကြီးရှိပါတယ်” ဟု Fortify Rights မှ Human Rights Specialist ဦးဇော်ဝင်းက ပြောသည်။ “ရိုဟင်ဂျာတွေအနေနဲ့ ပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ အပါအဝင် လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်းက မြန်မာစစ်တပ်က သူတို့ကို ဖျက်ဆီးဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့တာကို သူတို့ ကိုယ်တိုင်ကိုယ်ကျ သိပါတယ်။ တာဝန်ရှိသောသူတွေရဲ့ တာဝန်ခံမှုနဲ့ အသက်ရှင်ကျန်ရစ်သူတွေ အတွက် လိုအပ်တဲ့ ကျန်းမာရေး

စောင့်ရှောက်မှုတွေ ရရှိနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီ့ထက်ပိုပြီးတော့ လုပ်ဆောင်နိုင်ပါတယ်” ဟုလည်း ဆိုပါသည်။

Fortify Rights မှ စစ်တမ်းကောက်ယူထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည် အားလုံးနီးပါးသည် မြန်မာနိုင်ငံမှ မလွတ်မြောက်မီ ကြုံတွေ့ခဲ့ရသော ၎င်းတို့၏ ခြောက်ခြားဖွယ်ရာ အတွေ့အကြုံများကို ထွက်ဆိုခဲ့ကြသည်။ ထိုထဲမှ ၉၈.၆ ရာခိုင်နှုန်း က မကြာခဏ သေနတ်ပစ်ခတ်မှုများ တွေ့ကြုံခဲ့ရခြင်း၊ ၉၇.၈ ရာခိုင်နှုန်းက ရွာများဖျက်ဆီးခံရခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို မျက်မြင်ကြုံတွေ့ခဲ့ရခြင်း၊ ၉၁.၈ ရာခိုင်နှုန်းက လူသေအလောင်းများကို မြင်တွေ့ခဲ့ရပြီး ၉၀.၄ ရာခိုင်နှုန်းက အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခံနေရခြင်းများကို အသီးသီး တွေ့ကြုံမြင်တွေ့ခဲ့ကြသည်။ ဤကဲ့သို့သော စိတ်ဒဏ်ရာ ရစေသည့် ဖြစ်ရပ်များမှာ ရေရှည် ဆိုးကျိုးရှိစေနိုင်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေများဖြစ်သည့် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ကျရောဂါ၊ နှင့် စိုးရိမ်စိတ်လွန်ကဲမှု အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

“အခြေအနေက ပြန်ပြောပြဖို့ မလွယ်ကူပါဘူး” ဟု ရိုဟင်ဂျာအမျိုးသမီးတစ်ဦးက Fortify Rights သို့ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စစ်တပ်ဦးဆောင်သော တိုက်ခိုက်မှုများအတွင်း သူတွေ့ကြုံခဲ့ရပုံကို ရှင်းပြခဲ့သည်။ “အမျိုးသမီးတွေရဲ့ ရင်သားတွေကို (သူတို့က) လှီးဖြတ်လိုက်ကြတယ်။ လူတွေအများကြီး သေတာကို တွေ့ခဲ့ရတယ်” ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ သာမန်အခြေအနေအောက်တွင် အရွယ်ရောက်ပြီးသူတိုင်း၏ ၁၀ ရာခိုင်နှုန်းခန့်သည် အလယ်အလတ် (သို့) အပျော့စား စိတ်ကျန်းမာရေးချို့ယွင်းမှု အမျိုးအစား တစ်စုံတစ်ရာကို ခံစားနေရသည်ဟု ခန့်မှန်းထားသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေပြီးနောက် ဆယ့်နှစ်လအကြာတွင် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) အပါအဝင် အဆိုပါ စိတ်ကျန်းမာရေး ချို့တဲ့မှုများ ကို ခံစားကြုံတွေ့နေရသည့် အရွယ်ရောက်ပြီးသူ နှုန်းမှာ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ ထို ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အသက်ရှင်ကျန်ရစ်သော ရိုဟင်ဂျာများကြားတွင် သိသာစွာ ပိုမိုမြင့်မားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများအနက် ၆၁.၂ ရာခိုင်နှုန်းသည် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) နှင့် ကိုက်ညီသော လက္ခဏာများရှိကြောင်း တွေ့ရှိခဲ့ရပြီး၊ ၈၈.၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါ နှင့် ၈၄ ရာခိုင်နှုန်းသည် (စိတ်ကျရောဂါ လက္ခဏာများ ပါဝင်သည့် စိုးရိမ်စိတ်လွန်ကဲမှုများ အပါအဝင်) စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ထုတ်ဖော် ပြောကြားခဲ့ကြသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ ပညာရှင်များနှင့် အခြားသူများက စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုကို သီးသန့် ရာဇဝတ်မှုတစ်ခုအဖြစ် ထက်စာလျှင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ ရလဒ်အဖြစ် ရှုမြင်ကြသော်လည်း၊ **"ကျွန်ုပ်မျက်ရည် ပင်လယ်ကြီး တစ်ခုဖြစ်စေနိုင်တယ်"** လေ့လာမှုတွင် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု တစ်ခုတည်း သီးသန့်ကလည်း လူမျိုးတုံးသတ်ဖြတ်မှု မြောက်သောလုပ်ရပ်တစ်ခု ဖြစ်နိုင်ကြောင်းကို ရှင်းပြထားသည်။ ဂျီနိုဆိုက် ကွန်ဗင်းရှင်း စာချုပ် ၏ အပိုဒ်ခွဲ (ခ) တွင် "အုပ်စုထဲရှိ အဖွဲ့ဝင်များအား ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု" ကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်သော လုပ်ရပ်ကဏ္ဍ လေးခု ထဲမှ တစ်ခုအဖြစ် ပြဋ္ဌာန်းရည်ညွှန်းထားသည်။ သို့သော်လည်း ပြဋ္ဌာန်းချက်များအရ အုပ်စုတစ်စုသည် လူမျိုးတုံး သတ်ဖြတ်မှု မြောက်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု ကျူးလွန်ခံခဲ့ရကြောင်း ဆုံးဖြတ်နိုင်ရန် အတွက် ကိုယ်ခန္ဓာဆိုင်ရာ ထိခိုက်နစ်နာမှုများကို ရှာဖွေတွေ့ရှိရန် မလိုအပ်ပါ။

ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူများ၏ စိတ်အခြေအနေနှင့် ပတ်သက်၍ Fortify Rights နှင့် ရိုဟင်ဂျာသုတေသီအဖွဲ့မှ ကောက်ယူထားသော အချက်အလက်များအရ ၎င်းတို့၏ ပြင်းထန်သော စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ကျရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများသည် မြန်မာအာဏာပိုင်များ၊ ၎င်းတို့၏ တပ်ဖွဲ့များနှင့် မဟာမိတ်များက ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့သော စိတ်ဒဏ်ရာများ၏ ရလဒ်များ ဖြစ်ကြောင်းကိုလည်း ညွှန်ပြနေသည်။ လေ့လာထားချက်များအရ ထိုကဲ့သို့ ဆိုးရွားလှသော အခြေအနေများသည် မူလ စိတ်ဒဏ်ရာများ ရရှိပြီးနောက် ဆယ်စုနှစ်များစွာ ကြာရှည်သည်အထိ ဆက်လက် တည်ရှိနေနိုင်ပြီး၊ အသက်ရှင်ကျန်ရစ်သူများ၏ ပုံမှန်နှင့် အပြုသဘောဆောင်သော ဘဝအား ဦးဆောင်နိုင်မှုကို အနှောင့်အယှက် ဖြစ်စေကြောင်းကို တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများသည် နှိပ်စက်ညှဉ်းပန်းမှုနှင့် တိုက်ခိုက်မှုများကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရသည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် ဦးဆောင် တိုက်ခိုက်ခဲ့ပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကာ လူပေါင်း ၇၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အလိုမပါဘဲ ရွှေ့ပြောင်းစေခဲ့သည်။ ဤကဲ့သို့သော ခြောက်ခြားဖွယ်ရာ အကြမ်းဖက်မှုများကို လူမျိုးတုံး သတ်ဖြတ်မှုအဖြစ် လူအများက ရှုမြင်ခဲ့ကြသည်။ Fortify Rights, ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင် နှင့် အမေရိကန်ပြည်ထောင်စု အစိုးရ တို့သည် ရိုဟင်ဂျာများအပေါ် ဆက်လက်ဖြစ်ပွားနေသော လူမျိုးတုံးသတ်ဖြတ်မှု များ အတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိကြောင်း အထောက်အထား ခိုင်လုံစွာ မှတ်တမ်းတင်ထားသော တွေ့ရှိ ချက်များအရ အသီးသီး ဆုံးဖြတ်ထားကြသည်။ Lowenstein Clinic နှင့် Fortify Rights တို့သည် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု နှင့် ပတ်သက်၍ ပထမဦးဆုံး အကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် အစီရင်ခံစာ တစ်ခုကို ပူးတွဲပြုစု ရေးသားခဲ့သည်။

မြန်မာနိုင်ငံတွင် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ခံမှုဆိုင်ရာ ယန္တရားအချို့ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) ကို ဖွဲ့စည်းရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ဆုံးဖြတ်ချက်ချခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများ၏ တာဝန်ခံမှု အာမခံပေးနိုင်ရန်အတွက် လိုအပ်သော အမှုတွဲဖိုင်များကို ပြင်ဆင်ခြင်း၊ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံ အစိုးရသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအတွက် နိုင်ငံတကာ တရားရုံး (ICJ) တွင် မြန်မာနိုင်ငံအား တရားစွဲဆိုခဲ့သည်၊ ဤ တရားစွဲဆိုမှု ကို ဆက်လက် ကြားနာနေဆဲ ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှ စ၍ မြန်မာနိုင်ငံမှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်ပို့ခြင်းကိုလည်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုတစ်ခုအဖြစ် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) မှ အစိုးရရှေ့နေရုံး က စုံစမ်းစစ်ဆေးလျက်ရှိသည်၊ သို့သော်လည်း ဖမ်းဝရမ်းထုတ်မှု မရှိသေးပါ။ နောက်ဆုံးအနေဖြင့်၊ ဤ လေ့လာမှု ထုတ်ဝေသည့်အချိန်တွင် အာဂျင်တီးနားအစိုးရရှေ့နေသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးနေပြီး၊ ၂၀၂၃ ခုနှစ် ဇွန်လ ကာလအချိန်အထိ Buenos Aires တရားရုံးတွင် ရိုဟင်ဂျာလူမျိုးအချို့မှ စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ထွက်ဆိုချက်များ ထွက်ဆိုခဲ့သည်။ U.K. မြန်မာရိုဟင်ဂျာအဖွဲ့နှင့် အခြားသူများက ဤ အမှုကို ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် (Universal Jurisdiction) အောက်မှတဆင့် တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ကာလအချိန်အထိ အခြေအနေမှာ တပ်မတော် အကြီးတန်း အရာရှိများ အပါအဝင် လူပုဂ္ဂိုလ်ခုနစ်ဦးကို ဖမ်းဝရမ်းထုတ်ဖို့ ကြိုးစားနေဆဲ ဖြစ်သည်။

“နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) ရဲ့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ Rome Statute (ရောမသဘောတူစာချုပ်) ဥပဒေအောက်ပါ ပုဒ်မ ၁၄ အရ မြန်မာနိုင်ငံက အခြေအနေတွေကို ICC အစိုးရရှေ့နေထံသို့ ချက်ချင်းလွှဲပြောင်းပေးသင့်ပါတယ်” ဟု Matthew Smith က ပြောကြားပါသည်။ “မြန်မာပြည်သူတွေအပေါ် ကျူးလွန်ခဲ့တဲ့ စစ်တပ်ရဲ့ ရာဇဝတ်မှု အထောက်အထားတွေက များပြားခိုင်မာပါတယ်။ ယနေ့အထိ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု (သို့) တိုင်းပြည်အတွင်း တခြားလူမျိုးစုတွေအပေါ်မှာ ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေအတွက်၊ အထူးသဖြင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပြီး နောက်မှာ စစ်တပ်ဘက်က တာဝန်ယူမှု တာဝန်ခံမှု ဘယ်သူမှ မရှိသေးပါဘူး” ဟု ဆက်လက်ပြီးပြောပါသည်။

**‘ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခု ဖြစ်စေနိုင်တယ်”** လေ့လာမှုတွင် မြန်မာအာဏာသိမ်းစစ်တပ်၊ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေသည့် အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာပါတီများသို့ ပေးပို့ထားသော အကြံပြုချက် ၃၅ ချက် ကျော်ကို ထည့်သွင်းထားပါသည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) မှ အတင်းအဓမ္မ နယ်နှင်ဒဏ်ခတ်မှုနှင့် ပတ်သက်၍ စုံစမ်းနေဆဲဖြစ်သော စုံစမ်းဖော်ထုတ်မှုများနှင့် စပ်လျဉ်းသည့် ရမ်းစက်ကြမ်းကြုတ်မှုများအား ကျူးလွန်ခဲ့သူများကို ICC မှ အမြန်ဆုံး ဖမ်းဝရမ်းထုတ်ရန် Fortify Rights နှင့် Lowenstein Clinic တို့က အကြံပြုထားသည်။ ရိုဟင်ဂျာ အသက်ရှင် ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ တိုးချဲ့နိုင်ရန်နှင့် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၏ စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် ကာလရှည်ကြာသော လေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ အဖွဲ့အစည်းများကို အလှူရှင်အစိုးရများ အနေဖြင့် ရန်ပုံငွေထောက်ပံ့ရန်လည်း ဤအဖွဲ့နှစ်ဖွဲ့စလုံးက အကြံပြုထားသည်။ ဤလေ့လာမှုသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုနှင့် အနာဂတ်ရှိ တရားစွဲဆိုမှုများကို လုပ်ဆောင်ရာတွင် (လိုအပ်နိုင်မည့်) အချက်အလက်များကို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုနှင့် သက်ဆိုင်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖော်ထုတ် ခွဲခြမ်းစိတ်ဖြာခြင်းအပြင် မြန်မာစစ်တပ်အနေဖြင့် စာသင်ကျောင်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာဒေသများ အပါအဝင် အရပ်သားများနှင့် စစ်ဘက် မဟုတ်သော ပစ်မှတ်များအား ဆက်လက် တိုက်ခိုက်နေခြင်းသည် မြန်မာနိုင်ငံရှိ လူမျိုးနှင့် ဘာသာရေးအုပ်စု အားလုံးကို ထိခိုက်စေသော တိုက်ခိုက်မှုများဖြစ်ကြောင်း Fortify Rights နှင့် Lowenstein Clinic တို့က မှတ်ချက်ပြုခဲ့သည်။

“စစ်အာဏာရှင်တွေက မြန်မာပြည်သူပြည်သား အားလုံးကို ဒုက္ခပေးနေပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုက်ခိုက် မှုတွေ ဆောင်ရွက်နေပါတယ်” ဟု ပါမောက္ခ Jim Silk က ပြောသည်။ “ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ အကြံပြုချက်တွေကို လိုက်နာသင့်ပြီး စစ်အစိုးရကို လက်နက်၊ ဝင်ငွေနဲ့ နိုင်ငံရေးတရားဝင်မှု မရှိစေအောင် ကြိုးပမ်းသင့်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့သူတွေကို တာဝန်ယူမှု တာဝန်ခံမှု ရှိစေအောင် ဆောင်ရွက်တဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ပံ့ပိုးပေးသင့်ပြီးတော့ ဒီကိစ္စတွေကို ချက်ချင်းလက်ငင်း ညှိနှိုင်းပြီး အရေးယူဆောင်ရွက်သင့်ပါတယ်" ဟု ဆက်လက်ပြီးပြောပါသည်။

FORTIFY RIGHTS

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်-**

**Matthew Smith**, Chief Executive Officer, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp), +1 202 503 8032 (U.S.)
အီးမေးလ် - Matthew.Smith@FortifyRights.org
တွစ်တာ/X - @MatthewFSmith, @FortifyRights

**Zaw Win**, Human Rights Specialist, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ ရိုဟင်ဂျာနှင့် မြန်မာ
+66 95 979 9155 (WhatsApp; Signal)
အီးမေးလ် - Zaw.Win@FortifyRights.org

**Pavani Nagaraja Bhat**, Investigations Associate, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ ဟင်ဒီ
+91 807 323 7136 (Signal, WhatsApp)
အီးမေးလ် - Pavani.Nagarajabhat@fortifyrights.org
တွစ်တာ/X - @Curly_friess, @FortifyRights

**John Quinley III**, Director, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 62 814 1130 (Signal, Whatsapp)
အီးမေးလ် - John.Quinley@FortifyRights.org
တွစ်တာ/X - @john_hq3, @FortifyRights